# ၂၀၁၃–၂၀၁၄ ခု ၊ ဘဏ္ဍာရေးနှစ်
# မန္တလေးတိုင်းဒေသကြီး၏
# နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ

# ၂၀၁၃–၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏
# နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ

( ၂၀၁၃ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၃ ။ )

၁၃၇၅ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်

( ၂၀၁၃ ခုနှစ် ၊ နိုဝင်ဘာ လ ၂၅ ရက်)

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည်. ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၃–၂၀၁၄ခု၊ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၃–၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

## အခန်း(၂)
## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဇယား (၁) ၊ (၂) ၊ (၃) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက်တာဝန်ပေးအပ်ခြင်းခံရသည့်ပုဂ္ဂိုလ်အသီးသီးသည်မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၃ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားတာဝန်ပေးအပ်သည့်သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီး အား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စိမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၃ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ရဲမြင့်
ဝန်ကြီးချုပ်
မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့်တိုင်းဒေသကြီး စာရင်းစစ်ချုပ်

ဇယား (၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၃ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါအမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၆၃၂.၄၃၁ | | | ၁၂၆၇.၄၃၀ | | | |
| ၂ | | ၂ | တိုင်းဒေသကြီး လွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၄.၅၆၄ | | | ၆၇.၇၂၀ | | | |
| ၃ | | ၄ | တိုင်းဒေသကြီး ဥပဒေချုပ် | တိုင်းဒေသကြီး ဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီး ဥပဒေချုပ်က တာဝန်ပေးသူ | ၁၂.၇၄၃ | | | ၄၃.၁၉၀ | | | |
| ၄ | | ၅ | တိုင်းဒေသကြီး စာရင်းစစ်ချုပ် | တိုင်းဒေသကြီး စာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၀.၉၀၀ | | | | | | |
| | | | | ပေါင်း | ၂၆၆၀.၇၂၆ | | | ၁၃၇၀.၃၄၀ | | | |

တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၃ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ချေးငွေ - ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၁ | ပြည်ထဲရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၉၃.၁၀၃ | | | | | | |
| | | ၁ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၁၉၃.၁၀၃ | | | | | | |
| ၂ | ၂ | သမဝါယမ | ၎င်း | | | | ၁၀.၇၀၀ | | | |
| | | ၁ သမဝါယမဦးစီးဌာန | | | | | ၁၀.၇၀၀ | | | |
| ၃ | ၃ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၁၀၁.၀၀၂ | | | | | | |
| | | ၁ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၁၀၁.၀၀၂ | | | | | | |
| ၄ | ၄ | မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၎င်း | ၁၀၃.၉၉၄ | | | | | | |
| | | ၂ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၁၀၃.၉၉၄ | | | | | | |
| ၅ | ၇ | ဘဏ္ဍာရေး | ၎င်း | | ၁၄၉.၃၉၇ | | | | ၃၇၃၄.၉၂၀ | |
| | | ၁ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | ၁၄၉.၃၉၇ | | | | ၃၇၃၄.၉၂၀ | |
| ၆ | ၈ | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | ၇၁.၄၀၄ | | | |
| | | ၁ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | | ၇၁.၄၀၄ | | | |
| ၇ | ၉ | ဆောက်လုပ်ရေး | ၎င်း | ၁၉.၂၅၄ | | | ၁၂၉၇.၃၂၀ | | | |
| | | ၁ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၉.၂၅၄ | | | ၅၅၂.၈၅၀ | | | |
| | | ၂ အဆောက်အအုံ၊လမ်းနှင့်တံတားများပြင်ဆင်ထိန်းသိမ်းခြင်း | | | | | ၇၄၄.၄၇၀ | | | |
| ၈ | ၁၁ | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | ၎င်း | ၇၀၇၉.၆၃၀ | | | ၁၃၅၀.၀၃၅ | | ၅၀.၀၀၀ | |
| ၉ | ၁၂ | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၁၀၂.၁၁၇ | | | | | | |
| | | | ပေါင်း | ၇၆၇၉.၉၀၀ | ၁၄၉.၃၉၇ | | ၂၇၀၅.၉၃၉ | | ၃၇၀၄.၉၂၀ | |

တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၃ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၃ | ဆောက်လုပ်ရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ်တိုင်းဒေသကြီး ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၉၄၅·၄၇၇ | | | | | | |
| | | ၁ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၉၄၅·၄၇၇ | | | | | | |
| | | | ပေါင်း | ၉၄၅·၄၇၇ | | | | | | |